
တုနိုင်းမဲ့ (သစ္စာ)
သေရှာပြန် မိစံ

စာရေးသူ တုန္နိုင်းမဲ့သစ္စာ
ဝတ္ထုအမည်"သေရွာပြန် မိစံ"

သက်ရှိတိုင်း တစ်နေ့မှာ မလွဲဧကန် သေကြရမည်မဟုတ်လား။ ကံအကောင်းဆုံး လူသားများမှာ သေကံရောက်ခဲ့သော်လည်း သေရာမှ ပြန်၍ရှင်သန်လာကြသည်ကို မြင်တွေ့ဖူး၏။

သူမ နာမည်က ထိပ်ထားစံ။ ကံကောင်းခြင်းတွေနဲ့ မွေးဖွားလာသည့်ကလေးငယ်တစ်ဦးဖြစ်ခဲ့သည်။ သူ့အသက် ၅ နှစ်အရွယ်တွင် သေဘေးနှင့်ရင်ဆိုင်ခဲ့ရသည်။

အစ်မဖြစ်သူနှင့်အတူ မိုးဖွဲလေးတွေကြားမှာ ဆော့ကစားနေ၏။

"မမ မီးမီး"

"ဘာမီးလဲ ဟိုဘက်မှာဆော့နေ လိမ္မာတယ်နော်"

အစ်မဖြစ်သူမှာ ရွယ်တူကလေးများနှင့်အတူ ကြိုးခုန်နေခြင်းဖြစ်သည်။ ထိပ်ထားစံအား ဂရုစိုက်ခြင်းမရှိဘဲ ဆော့ကစားနေ၏။ ထိပ်ထားစံလည်း ကလေးပီပီ ဓာတ်တိုင်မှ မီးခလုတ် တွဲကျနေသည်ကို နှိပ်လိုက်လေသည်။ ဓာတ်ကြိုးမှာ ပေါက်နေပြီး မိုးရွာထားသည့်အရှိန်ဖြင့် လျှပ်စီးနေသည်။ ခလုတ်ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ထိပ်ထားအား လျှပ်စီးများ စီးဝင်သွားတော့သည်။

"အား...... ဗုန်း..."

လျှပ်စီး၏ တွန်းအားကြောင့် ထိပ်ထားစံ ရေကန်အတွင်းသို့ လွင့်စဉ်သွား

လေသည်။

"ချယ်ရီ ဟိုမှာ နင့်ညီမ ရေကန်ထဲကျသွားပြီ"

"ဟင် ကယ်ကြပါဦး ညီမလေး ရေကန်ထဲကျသွားလို့ ကယ်ကြပါဦး"

ချယ်ရီလည်း ညီမဖြစ်သူ၏ အဖြစ်အား ထိတ်လန့်ကာ ငိုယို၍ အော်ဟစ်အကူညီ တောင်းနေတော့သည်။ မိခင်ဖြစ်သူ ဒေါ်စိန်ချယ်လည်း သမီးဖြစ်သူ အသံကြား၍ အိမ်ထဲမှ အမြန်ပြေးလာ၏။

"ချယ်ရီ နင်ကလေးထိန်းတာ ဘယ်လိုထိန်းနေတာလဲ ငါ့သမီးတစ်ခုခုဖြစ်လို့ကတော့ နင်မလွယ်ဘူးမှတ်"

ဒေါ်စိန်ချယ်တစ်ယောက် သမီးကြီးအား စိတ်ဆိုးဒေါသထွက်နေမိသည်။

သမီးငယ်အား ရေထဲမှ ဆယ်ယူလာပြီဖြစ်သော်လည်း သတိမရသေးချေ။ နားလည်တတ်ကျွမ်းသူများမှ ထိပ်ထားစံအား အရေးပေါ် ကယ်ဆယ်ကုသပေး၏။ သို့သော် လုံးဝသတိရလာခြင်း မရှိပေ။

"ကျွန်မ သမီးကို ကယ်ပေးကြပါရှင် တောင်းပန်ပါတယ် ကျွန်မသမီးလေး ဘာလို့သတိမရသေးတာလဲ သမီးလေး မေမေခေါ်နေတယ်လေ ကြားလား အိပ်ပုတ်ကြီးမနေနဲ့ ထတော့နော် သမီးလေးကြိုက်တဲ့ ကြက်သားကို ကြော်ပေးထားတယ် ထတော့နော်"

ဒေါ်စိန်ချယ် သမီးဖြစ်သူအား ငိုယို၍ လှုပ်ခါနှိုးနေတော့သည်။

"ညီမလေး ထပါတော့ နောက်ဆို မမ ညီမလေးကို ပစ်မထားတော့ဘူးနော် မမ ညီမလေးနဲ့အတူတူဆော့မယ်လေ ညီမလေးမနိုးလာရင် မေမေက မမကိုရိုက်တော့မှာ ညီမလေး လိမ္မာတယ်နော် အိပ်မနေနဲ့တော့လေ မမနဲ့အတူတူဆော့မယ်"

ဘေးမှကြည့်နေသူများလည်း ဒေါ်စိန်ချယ်တို့ သားအမိအားကြည့်၍

ဝမ်းနည်းနေကြသည်။

"ကဲ မစိန်ချယ် မငိုနဲ့ဦး ကလေးကို အိမ်ပေါ်သယ်ကြမယ် ဆရာဝန် သွားပင့်တာလည်း ရောက်တော့မယ်"

"ဒါဆို ကျွန်မသမီး မသေသေးဘူးပေါ့"

"ကဲပါ ဆရာဝန်လာရင် သိရမယ် ခုမငိုနဲ့"

ကလေးကို အိမ်ပေါ်သို့တင်ကာ အဝတ်အစားများလဲပေး၍ နွေးနွေးထွေးထွေးထား၏။ ခဏအကြာတွင် ဆရာဝန်ရောက်လာတော့သည်။ ဆရာဝန်စမ်းသပ်ပြီးနောက်.........

"ဒေါက်တာ ကျွန်မသမီး ဘာလို့ သတိမရသေးတာလဲဟင်"

"စိတ်မကောင်းပါဘူးအန်တီ ကလေးက ဓာတ်လိုက်တဲ့အရှိန်နဲ့ ရေနစ်ပြီး အဆုတ်ထဲရေဝင်တော့ အသက်မမီတော့ဘူး"

"ဟင် မဟုတ်ဘူး ဒေါက်တာ ကျွန်မသမီးလေးကို သေချာ ထပ်စမ်းသပ်ပေးပါဦး မသေသေးပါဘူး ကျွန်မ သမီးကိုကုပေးပါနော် ဒေါက်တာ"

"ကျွန်တော် တကယ် စိတ်မကောင်းပါဘူး...''

နောက်ဆုံးတွင် ဒေါ်စိန်ချယ်လည်း လက်ခံလိုက်ရသည်။ သမီးဖြစ်သူ၏ နာရေးအား ပြုလုပ်ပေးရတော့သည်။

***